# ရွာသာကျေးရွာ
# ဥတ္တရသီရိမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရွာသာကျေးရွာ၊ ဥတ္တရသီရိမြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ရွာသာကျေးရွာ ကျေးရွာသယံဇာတပြဖြေပုံ၊ ဥတ္တရသီရိမြို့နယ်** | ၄ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၅ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၅ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၅ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၅ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၅ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၆ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၆ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၇ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၇ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၇ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၇ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၇ |
| ၆။ | **ပညာရေး** | ၈ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၈ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၈ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၉ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၀ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၁ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၂ |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၂၈ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၃၀ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ်အထိ(၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲ ထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲ ရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုး ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှု များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဩဂုတ်လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရွာသာကျေးရွာ

ဥတ္တရသီရိမြို့နယ်

ရွာသာကျေးရွာ သယံဇာတပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်



**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

ရွာသာကျေးရွာသည် ဥတ္တရသီရိမြို့၏ မြောက်ဘက် ၃၁ မိုင်ခန့် အကွာအဝေး Longitude(95°95')နှင့်Latitude(19°99')တည်ရှိပါသည်။ တောင်ဘက်တွင် တက်ရိုးကျေးရွာနှင့်တက်သိမ်း ကျေးရွာတည်ရှိပြီး မြောက်ဘက်တွင်တပ်ကုန်းမြို့နယ်တို့နှင့် နယ်မြေဆက်လျက်ရှိသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစုနေထိုင်ပြီး ဗုဒ္ဓဘာသာ ကိုကိုးကွယ်ကြကြောင်း တွေ့ရှိရသည်။

**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**

ကျေးရွာသည်မြေပြန့်ဒေသတွင်ရှိပြီးအပူချိန်မှာပျမ်းမျှ(၂၉°C)ခန့်ရှိပြီး ပျမ်းမျှမိုးရေချိန် (၂၆)လက်မခန့် ရွာသွန်းလေ့ရှိသည်။ မြေအမျိုး အစား မှာလည်း သဲ၊ ကျောက်မှုံရောနှော လျက်ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၂၄၇) ဧက၊ ယာမြေ(၂၆၄)ဧကနှင့် စုစုပေါင်း(၅၁၁)ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင် များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် လူမှုရေးအဖွဲ့(ကျား-၇ဦး+ မဖဦး)၊ ပရဟိတအဖွဲ့ (ကျား - ၁၄ဦး)သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြပါသည်။ မီးသတ်အဖွဲ့(ကျား- ၂ဦး)သည် ကျေးရွာ၏မီးဘေးအန္တရာယ်ကွာကယ်ရေး လုပ်ငန်းများ တွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ ကျောင်းကော်မတီအဖွဲ့(ကျား - ၉ဦး)၊ စာကြည့်တိုက်ကော်မတီအဖွဲ့ (က - ၇ ဦး) တို့ သည် ကျေးရွာ၏ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ မီးလင်းရေးကော်မတီ (က - ၈ ဦး) သည် ကျေးရွာ၏ မီးလင်းရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ ၂၄၇ ဧက၊ တောင်ယာမြေ ၂၆၇ ဧက ရှိသည်။ စိုက်ပျိုးမြေအားလုံး၏ မြေအရည်အသွေးမှာသင့်ပြီး မိုးရေကိုသာအားထား စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေ လုံလောက်စွာမရရှိခြင်းဘဲ အချိန်မီစိုက်ပျိုးနိုင်ခြင်းမရှိ၊ မိုးရေလုံလောက်မှုမရှိ၊ သီးနှံ အောင်ရေမရ၊ လိုအပ်သလို ရေသွင်း စိုက်ပျိုးနိုင်ခြင်းလည်း မရှိသောကြောင့် သီးနှံအထွက်နှုန်းနည်းသည်။ **ကျေးရွာ၏စိုက်ပျိုးရေမှာမိုးရေကိုသာ အဓိက**

**ထား စိုက်ပျိုးလုပ်ကိုင်ကြသည်။စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၆၀) တင်းသာ ရှိပါသည်။** ကျေးရွာတွင် ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၁)စီး၊ ခြေလှေ့စက်(၂)စီးနှင့် ရေစုပ်စက်(၁၀)လုံးရှိပြီး တောင်သူကြီးများမှသာ ပိုင်ဆိုင်ကြသည်။ ကျန်ဆင်းရဲသား တောင်သူနှင့် တောင်သူငယ်များမှ ငှါးရမ်းအသုံးပြုကြရသည်။ **သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကိုလည်းမြို့နှင့် အလှမ်းမဝေးသဖြင့်ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည် ပွဲစားများမှတစ်ဆင့် ရောင်းချနိုင်ကြပါသည်။**

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စု များပြားပြီး တစ်ပိုင်တစ်နိုင် အနေဖြင့် မွေးမြူကြသည်။ မွေးမြူထားသော အကောင်ရေမှာ နွား ၁၇၉ ကောင်၊ ကျွဲ ၃၃ကောင်၊ ဝက် ၂၄၂ကောင်၊ ကြက်၁၁၈၅ကောင်မွေးမြူထားကြောင်းတွေ့ရှိရပါသည်။ မွေးမြူရေး၏ အဓိကအခက်အခဲမှာ နည်းပညာဝန်ဆောင်မှုအခက်အခဲ၊ ချေးငွေမရရှိမှု၊ မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှုမရှိ၊ အမြတ်အစွန်းရရှိမှုအခြေအနေ၊ သားငါးရောင်းချရာ တွင် လွတ်လပ်စွာ ရောင်းချခွင့်မရခြင်းတို့ဖြစ်သည်။

**မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။**

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းနှင့်ပါတ်သက်၍ လုပ်ကိုင်နိုင်သော လုပ်ငန်းမရှိကြပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စား အလုပ်သမား အနေဖြင့် ဝင်ရောက်လုပ်ကိုင်ခြင်း၊ စက်ချုပ်၊အလှပြင်၊ဈေးဆိုင်နှင့် ဈေးရောင်း ခြင်းနှင့်ဆိုင်ကယ်အဌားလိုက်ခြင်းများသာရှိသည်။ ၄င်းလုပ်ငန်းများကိုလုပ်ကိုင်ရာတွင် လည်း အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်မရရှိခြင်း၊ လုပ်အားခနည်းခြင်းတို့ကြောင့် ဝင်ငွေနည်း ပါးသည်။ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်းပညာ ကျွမ်းကျင်မှု လည်းနည်းပါးသည်။ အရင်းအနှီးလည်းနည်းပါးပြီး ချေးငွေလည်း လက်လှမ်းမမီကြပါ။ အသက်မွေးဝမ်း ပညာသင်တန်းများတက်ရောက်ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း ကုန်ကျ စရိတ်နှင့် အရင်း အနှီး မတတ်နိုင်ကြပါ။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် အစိုးရငွေချေးစနစ်နှင့် ပါတ်သက်၍ စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမ ငွေချေးစနစ် တို့ရှိသည်။စိုက်ဘဏ်ချေးငွေသည် ကျေးရွာရှိတောင်သူများအနက်မှ ပုံစံ ၇ ရှိသော လယ်မြေများကိုသာ ထုတ်ချေးပေးသည်။ မိုးသီးနှံနှင့် ဆောင်းသီနှံအတွက် ၂ ကြိမ်ချေးယူခွင့် ရှိသည်။ ချေးငွေရရှိပြီ ချေးငွေကာလမှာ မိုးသီးနှံအတွက် ၈ လ၊ ဆောင်းသီးနှံ အသီးတွက်(၆)လအတိုးနှုန်းမှာ(၀.၈၅%)လဖြစ်သည်။သို့သော် စိုက်ဘဏ်ချေးငွေမှာ အချိန်မီ ထုတ်ချေးပေးခြင်းမရှိ၊ ကုန်ကျစရိတ်လုံလောက်မှုမရှိ၊ ပြန်ဆပ်ချိန်ကို အတိအကျသတ်မှတ် ထားသောကြောင့် သီးနှံအောင်ပါက ဈေးကောင်း မစောင့်နိုင်ဘဲ ရောင်းချပြန်ဆပ်ရသည်။

ကျေးရွာအတွင်း ငွေတိုးချေးသူထံမှချေးငှါးရာတွင် အပေါင်ပစ္စည်းထားပြီး အတိုးနှုန်း မှာ -၂၀%ဖြစ်သည့်အပြင် သီးနှံပေါ်ချိန်အမြန်ပြန်လည် ပေးဆပ်ရသောကြောင့် ဆင်းရဲသား များအတွက် ငွေချေးရာတွင် များစွာအခက်အခဲရှိသည်။ ယုံကြည်မှုလည်း နည်းသောကြောင့် အပေါင်ခံ ပစ္စည်းမရှိပါက ချေးငွေရရန် အခက်အခဲရှိသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး ၁၉ စီး၊ ဆိုင်ကယ် ၇၀ စင်း၊ ကား ၃ စီး၊ နွားလှည်း ၄၉စီး ရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင်သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကို အများစု အသုံးပြုကြသည်။

**ကျေးရွာအတွင်းတွင် ကျေးရွာချင်းဆက်လမ်း(၁)လမ်း၊ ရွာတွင်းလမ်း (၁၀) လမ်းရှိပါ သည်။ ကျေးရွာချင်းဆက်လမ်းမှာ ကျောက်ချောလမ်း ဖြစ်ပြီး သွားလာရအဆင်ပြေပါသည်။ ရွာတွင်းမြေသားလမ်းများမှာမိုးတွင်းကာလ များတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါသည်။**

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးပါ။ လျှပ်စစ်မီးရရှိအောင်ဆိုလာ၊ ဒီဇယ်စသည်များ ကိုအသုံးပြုကြသည်။ကျေးရွာရှိအိမ်ထောင်စုများမှ ဆိုလာမီးအသုံးပြုသူ ၁၆၉ အိမ်ရှိပြီး ကျန် ၆ အိမ်မှာ ဓါတ်ခဲ၊ ဘတ္ထရီအိုးနှင့် ဖယောင်းတိုင်မီးကို အသုံးပြုကြ သည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာနှင့် ပါတ်သက်၍ အိမ်တိုင်း နီးပါး တယ်လီဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်း (၁၅၉) လုံး၊ ရေဒီယို ၂၁ လုံး၊ တီဗွီ ၅၃လုံးနှင့် စလောင်း ၆ ခု **စသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနော**

ဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင် ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး မူလတန်းတက်ရောက်သူ (၃၇)ဦးရှိပြီး အုပ်စုကျေးရွာဖြစ်သည့် တက်ရိုန်းကျေးရွာရှိ အထက်တန်းကျောင်းတွင် အလယ်တန်းနှင့် အထက်တန်းပညာများကို ဆက်လက်သင်ယူကြပါသည်။ အလယ်တန်းတက်ရောက်နေသူ (၄၂)ဦး၊ အထက်တန်းတက်ရောက်သူ (၁၅)ဦးနှင့် တက္ကသိုလ်/ကောလိပ်တက် ရောက်နေသူ (၃၁)ဦးရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာသူ/သားများအနေဖြင့်ပညာရေးတွင်အသင့်အတင့် ရှိပါသည်။ ကျေးရွာရှိမိသားစုများမှာ ပညာရေးအားအလေးထားအားပေးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ဇရိယာမှာ (၉၀'x၃၀'x၁၂')ရှိပါသည်။ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေခင်းကျောင်းဆောင်ဖြစ်ပြီး အရည်အသွေးမှာ ကောင်းမွန်လျက် ရှိပါသည်။ ကျောင်းတွင် ကျောင်းသူ/သားများပြားလာမှုကြောင့် စာသင်ခုံနှင့် ယင်လုံအိမ်သာ များလိုအပ်လျက်ရှိပါသည်။ ကျောင်းဆရာ/ဆရာမအင်အားမှာ လုံလောက်မှုရှိပြီး ဆရာနှင့် ကျောင်းသား အချိုးမှာလည်း ညီမျှမှုရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာအုပ်စုတွင်သာရှိပြီး ကျေးရွာသူ/သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ နည်းပညာဝန်ဆောင်မှုနှင့် ကျန်းမာရေး ပညာပေးများ ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးရွာအတွင်း ဆေးဝါးဆိုင်ရှိသော်လည်း ကျန်းမာရေးအသုံးအဆောင်နှင့် ဆေးဝါးပြည့်စုံမှုမရှိ။ အရေးပေါ်ဖြစ်ပါက (၃၁)မိုင်ဝေးသော ဥတ္တရသီရိမြို့နယ်ဆေးရုံနှင့်(၃၂)မိုင်ဝေးသော နေပြည်တော်ကုတင်(၁၀၀၀)ဆေးရုံသို့ ကျေးရွာရှိ လူမှုကူညီရေးကားဖြင့် အချိန်မရွေး သွားကြရသည်။ ကျေးရွာတွင် သောက်သုံးရေ အတွက်စက်ရေတွင်း(၁)တွင်း၊ တွင်းတိမ်(၂)တွင်းနှင့် လက်နှိပ်တုံကင်(၄၈)ခုရှိသည်။ ရေတွင်း များမှာ တစ်နှစ်ပါတ်လုံး ရေလုံလောက်သော်လည်း အရည်အသွေးကောင်းသော သောက်ရေ သန့်ရှင်ရန် လိုအပ်သည်။ ကျေးရွာတွင် အိမ်ထောင်စု ၁၇၅ အိမ်ရှိသော်လည်း ရေလောင်း ယင်လုံအိမ်သာ ၁၆၈လုံးပြီး ကျန် ၇ အိမ်မှာ နီးစပ်ရာအိမ်ဝိုင်းအတွင်းရှိ အိမ်သာများကို အသုံးပြုကြကြောင်း တွေ့ရှိရသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ဓါတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်းနှင့် စိုက်နည်းစနစ် မှားယွင်းမှုကြောင့်လည်း မြေဆီဩဇာအန္တရာယ်ရှိမှု မြင့်ပါသည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်း ရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင် လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှုမြင့်သည်။ သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး

လုပ်ငန်းများ မြင့်တင် ဆောင်ရွက်ပေးသင့် သည်။အပင်မျိုးစိတ်များ၊ ငါးမျိုးကွဲများနှင့် အခြား တိရစ္ဆာန်မျိုးကွဲများအနေဖြင့်လည်း ထိန်းသိမ်းမှု အားနည်းပြီး ထုတ်ယူသုံးစွဲမှု၊ ဖမ်းဆီး သတ်ဖြတ်မှု များသောကြောင့် တဖြည်းဖြည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။

**၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

**ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် ပညာသင်ကြားရာတွင် အမျိုးသား များ နှင့် တန်းတူသင်ယူနိုင်သော်လည်း နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရ ရှိကြပါသည်။ အုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးများ ပါဝင်ခြင်းမရှိဘဲ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှုရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ တွင် အမျိုးသမီးရေးရာအဖွဲ့ရှိပြီး အကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာ အသိအမြင်များ လည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိကြောင်းလည်း တွေ့ရှိရပါသည်။**

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – တက်ရှိန်း | | | ကျေးရွာအမည် – ရွာသာ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်းရိစာခင်းပြုပြင်ခြင်း | |
| ၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာလယ်လမ်းမကြီးအား ရေမြောင်းပြုလုပ်ခြင်း | |
| ၄ | လျှပ်စစ် | မဟာဓါတ်အားလိုင်း | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | |
| ၅ | အခြေခံအဆောက်အဦ | အခြားအခြေခံအဆောက်အဦ | ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ခြင်း | |

### ရွာသာကျေးရွာတွင် နှစ်အလိုက်ဆောင်ရွက်မည့်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ |
|---|---|---|---|---|---|---|
| ၁။ | ရွာတွင်းလမ်းရိစာခင်းပြုပြင်ခြင်း | ✓ | | | | |
| ၂။ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း | | ✓ | | | |
| ၃။ | ရွာလယ်လမ်းမကြီးအား ရေမြောင်းပြုလုပ်ခြင်း | | | ✓ | | |
| ၄။ | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | | | | ✓ | |
| ၅။ | ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ခြင်း | | | | | ✓ |

## တက်ရှိန်းကျေးရွာအုပ်စု၊ ရွာသာကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမင်းအောင် | ဦးဆန်းအောင် | ၉/တကန(နိုင်)၁၂၃၉၈၃ | ၃၅ | ဥက္ကဋ္ဌ | ၀၉-၄၂၀၇၁၀၄၈၄ |
| ၂ | ဦးအောင်မျိုးဦး | ဦးကံဆယ် | ၉/တကန(နိုင်)၁၄၀၁၇၀ | ၃၈ | အတွင်းရေးမှူး | ၀၉-၄၄၂၉၁၅၁၃ |
| ၃ | ဦးကျော်လင်း | ဦးမောင်ဆန်း | ၉/တကန(နိုင်)၁၂၄၁၃၂ | ၃၄ | စာရင်းကိုင် | ၀၉-၂၅၄၂၃၂၃၆၉ |
| ၄ | ဒေါ်ခိုင်လင်း | ဦးသန်းမြင့် | ၉/တကန(နိုင်)၀၁၆၃၂၂၅ | ၃၁ | ဘဏ္ဍာရေးမှူး | - |

| ၅ | ဦးအေးကြိုင် | ဦးသာထွန်း | ၉/တကန(နိုင်)၁၁၃၄၈ | ၅၄ | သော့ကိုင်(၁) | - |
|---|---|---|---|---|---|---|
| ၆ | ဒေါ်မြင့်ရီ | ဦးထွန်းရှိန် | ၉/တကန(နိုင်)၀၁၈၈၄၂ | ၄၅ | သော့ကိုင်(၂) | - |
| ၇ | ဒေါ်မာဝင်း | ဦးစိုးမြင့် | ၉/တကန(နိုင်)၁၈၀၄၀၅ | ၄၀ | အဖွဲ့ဝင် | - |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၆ | ၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၉ | ၂၇ | ၃၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၀ | ၂၇ | ၄၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၀ | ၃၀ | ၅၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၃ | ၂၅၅ | ၄၇၈ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၅ | ၃၄ | ၅၉ |
| စုစုပေါင်း | | ၂၉၈ | ၃၇၉ | ၆၇၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၇၅ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ အိမ်ထောင်စုပေါင်း(၁၇၅)စုရှိပြီး ကျား(၂၉၈)၊မ(၃၇၉)ဦးဖြင့် လူဦးရေ ပေါင်း(၆၇၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုး များသာနေထိုင်ပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ် သည် ကျေးရွာရှိလူဦးရေပေါင်း၏(၇၁.၉၄%)ခန့်သည် လူငယ်များဖြစ်သဖြင့် လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားနှင့် အမျိုးသမီးဦးရေသည် ပျမ်းမျှညီမျှပါသည်။

**(၂) သဘာဝရင်းမြစ်နှင့် ရာသီဥတု**

**(၂-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိနိုင်မှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/ မြစ်/စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၂၄၇ | သင့် | ရ | မိုးရေ |
| ယာမြေ | ၂၆၄ | သင့် | ရ | မိုးရေ |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |

| | | | | |
|---|---|---|---|---|
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၅၁၁ | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်မြေကေ(၂၄၇)ဧကခွဲ မိုးရာသီတွင် စပါးကိုစိုက်ပျိုးကြပြီး ကျန်ရာသီများတွင်မတ်ပဲ၊ နှမ်းစသည့် သီးနှံများအားစိုက်ပျိုးကြသည်။ ယာမြေများတွင် ကြံ၊မြေပဲ စသည့်သီးနှံများစိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်းကြောင့် အကျိုးအမြတ်မှာ အသင့်အတင့်ရှိပါသည်။ ရေသွင်းမြောင်းများပြုလုပ်၍ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်နိုင်ပါက ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊သဲ)စသည် | မရှိ | |
| အခြားသဘာဝအရင်းအမြစ်များ | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | |
| အပင်မျိုးစိတ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော) | မရှိ | |
| ပျမ်းမျှအပူချိန်-၂၉ °C | ပျမ်းမျှမိုးရေချိန်-၂၆လက်မ | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တွင်းထွက်သယံဇာတများမရှိပါ။

(၃)  ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ပရဟိတအဖွဲ့ | ၁□ ၂√ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | အဖွဲ့ဝင်(၁၄)ဦးရှိပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်၍ စွမ်းဆောင်ရည်မှာ ကောင်းမွန်ပါသည်။ |
| ၂ | လူမှုရေးအဖွဲ့ | ၁□ ၂√ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | အဖွဲ့ဝင်(၁၃)ဦးရှိပြီး ကျေးရွာ၏ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်၍ စွမ်းဆောင်ရည်မှာ ကောင်းမွန်ပါသည်။ |
| ၃ | အရံမီးသတ်တပ်ဖွဲ့ | ၁□ ၂√ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး √ | အဖွဲ့ဝင်(၆)ဦးရှိပြီး ကျေးရွာ၏ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်၍ စွမ်းဆောင်ရည်မှာ ကောင်းမွန်ပါသည်။ |
| ၄ | ကျောင်းကော်မတီ | ၁□ ၂√ ၃□ | ပညာရေး √ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | အဖွဲ့ဝင်(၉)ဦးရှိပြီး ပညာရေးကဏ္ဍတွင် လိုအပ်ချက်များအား ဆောင်ရွက်ပေး၍ စွမ်းဆောင်ရည်မှာ ကောင်းမွန်ပါသည်။ |
| ၅ | စာကြည့်တိုက်ကော်မတီ | ၁□ ၂√ ၃□ | ပညာရေး √ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | အဖွဲ့ဝင်(၇)ဦးရှိသော်လည်းကျေးရွာ သူ/သားများအနေဖြင့်စိတ်ဝင်စားမှုနည်းပါးသောကြောင့် စွမ်းဆောင်ရည်နည်းပါးသည်။ |
| ၆ | မီးလင်းရေးကော်မတီ | ၁□ ၂√ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | အဖွဲ့ဝင်(၈)ဦးရှိပြီး ကျေးရွာမီးလင်းရေးအတွက် ရန်ပုံငွေများကောက်ခံ၍ ဆောင်ရွက်ပြီး စွမ်းဆောင်ရည်မှာကောင်းမွန်ပါသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)  စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)  လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)  ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။  ။ ကျေးရွာတွင်လူမှုရေးအဖွဲ့(၄)ဖွဲ့နှင့်ငွေစုငွေချေးအဖွဲ့(၂)ဖွဲ့ရှိပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ စွမ်းဆောင်ရည်များ အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(၄-၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၇၀ | ၇၉ | ၁၆ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏(၅၄.၂၈%) မှာ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်များဖြစ်ကြပြီး (၅.၇၁%)မှာ အဆင်ပြေသောအဆင့်နှင့် (၄၀%)မှာ အလယ်အလတ်အဆင့်အိမ်ထောင်စုများဖြစ်ကြပါသည်။ မပြေလည် သောအိမ်ထောင်စုများ နှင့် အလွန်မပြေလည်သောအိမ်ထောင်စုများအနေဖြင့် မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အတတ်ပညာများ တတ်မြောက်မှုနည်းပါခြင်းနှင့် အရင်းအနှီးမရှိခြင်း တို့သည် အဓိကအခက်အခဲများဖြစ်ကြသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂-၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၇ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၅၇ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၂၈ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၂ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၇၅ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မြေယာမပိုင်ဆိုင်သောအိမ်ထောင်စု(၇၁)စုသာရှိပြီး မြေယာ ပိုင်ဆိုင် သော အိမ်ထောင်စုမှာ(၁၀၄)စုရှိပါသည်။ မြေယာမပိုင်ဆိုင်သော အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်းတွေ့ရှိရပါသည်။

### (၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစု ပေါင်း စိုက် ကေ | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | အကျိုးအမြတ်ရရှိမှု(နည်း/သင့်/များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | မှ | ထိ | |
| စပါး | ၂၄၇ | တင်း | ၆၀ | ၇၀ | ၆၅ | ဇွန် ဝိုင်း | ဩဂုတ် ဝိုင်း | သင့် |
| မတ်ပဲ | ၆၄ | တင်း | ၇ | ၁၀ | ၈ | | | နည်း |
| ကြံ | ၂၀၀ | တန် | ၂၅ | ၃၀ | ၂၃ | | | သင့် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆန်စပါးကိုသာ အဓိကထားစိုက်ပျိုးပြီး အထွက်နှုန်းမှာ ပျမ်းမျှ(၆၅)ရှိကြောင်းတွေ့ရှိရပါသည်။ အခြားသီးနှံများဖြစ်သည့် ကြံ၊ ပြောင်းနှမ်းစသည့် သီးနှံများ၏ အထွက်နှုန်းမှာလည်း ရာသီဥတုအလိုက် ပြောင်းလဲလျှက်ရှိပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်းကြောင့် အကျိုးအမြတ်မှာ အသင့်အတင့်ရှိပါသည်။

### (၄-၃) မွေးမြူရေးလုပ်ငန်း

**ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၆၆ | ၁၇၉ |
| နို့စားနွား | | |
| ကျွဲ | ၉ | ၃၃ |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၁၂၇ | ၂၄၂ |
| ကြက် | ၁၁၉ | ၁၁၈၅ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်နွား မွေးမြူရေးလုပ်ကိုင်သောအိမ်ထောင်စု(၆၆)စု၊ ဝက်မွေးမြူရေး လုပ်ကိုင်သောအိမ်ထောင်စု(၁၂၇)စု၊ ကြွေးမွေးမြူရေးလုပ်ကိုင်သောအိမ်ထောင်စု(၉)စုနှင့်ကြက်မွေးမြူရေး လုပ်ကိုင်သောအိမ်ထောင်စု(၁၁၉)ခန့် ရှိပြီး မွေးမြူရေးအား စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍ တိုင်းတနိုင်လုပ်ကိုင်ကြကြောင်းတွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် စျေးကွက်လည်းရှိကြောင်းတွေ့ရှိရပါပြီး ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများ အထူးသဖြင့် ဝက်မွေးမြူရေးတွင် ဝက်နားရွက်ပြာရောဂါနှင့် နွားမွေးမြူရေးတွင် ခွာနာလျှာနာရောဂါများ အဖြစ်များကြောင်း တွေ့ရှိရပါသည်။

**(၄-၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

**ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ**

| စဉ် | လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်း နှင့်ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးဝေးရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ) | ၁ | ၁ | ၁ | သင့် |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁၀ | ၁၀ | ၃၀ | သင့် |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၂ | ၂ | ၂ | သင့် |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၆ | ၆ | ၆ | သင့် |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | ၃၀ | ၃၀ | ၄၀ | နိမ့် |
| | စုစုပေါင်းအသက်မွေးဝမ်းလုပ်ကိုင်သူဦးရေ- | | ၇၉ | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စုစိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း** မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ ဝင်ငွေရလုပ်ငန်းများ အဖြစ် ပန်းရံ၊ လက်သမား၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ စက်ချုပ်လုပ်ငန်းများ၊ အစိုးရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ကျေးရွာတိုးတက်မှုအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်းနှင့် ချေးငွေများ ရရှိအောင်ဆောင်ရွက်ပေးလျှင် အဆင်ပြေနိုင်ပါသည်။

